အစုအပြုံလိုက်သတ်ဖြတ်ခံရမှုများကြောင့် ခြောက်လအတွင်း သေဆုံးသူ ၁၇၀ ကျော်ရှိ

ဝိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပြီးနောက်ပိုင်း ခြောက်လတာအတွင်း နိုင်ငံတဝန်းတွင် အစုအပြုံလိုက်သတ်ဖြတ်ခံရမှု **ခုနစ်ကြိမ်ထက်မနည်းရှိခဲ့ပြီး အရပ်သား ၁၇၃ ဦးထက်မနည်း** သေဆုံးခဲ့သည်။ ထိုအထဲမှ **၁၁၁ ဦးထက်မနည်း**သည် လေကြောင်းတိုက်ခိုက်ခံရမှုများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ယင်းအနက် **၆၄ ဦးထက်မနည်း**မှာ ရခိုင်ပြည်နယ်တခုတည်း၌ သေဆုံးခဲ့ရသူများဖြစ်သည်။ အာဏာသိမ်းမှုနောက်ပိုင်း ငါးနှစ်ကျော်ကာလအတွင်း အစုအပြုံလိုက်သတ်ဖြတ်ခံရမှု **၁၁၅ ကြိမ်ထက်မနည်း**ရှိခဲ့ကာ **အရပ်သား ၂,၃၂၄ ဦး** သေဆုံးခဲ့သည်။



ဒေတာအချက်အလက် - ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်ကနေ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၉ ရက်အထိ။ ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ လေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source)ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။ အစုအပြုံလိုက်သတ်ဖြတ်ခံရမှုများကို ဖော်ပြရာတွင် အရပ်သား ၁၀ ဦးနှင့်အထက်သေဆုံးခဲ့သည့် ဖြစ်ရပ်များကိုသာ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။ လက်နက်တမျိုးမျိုးဖြင့် တိုက်ခိုက်ခံရခြင်း၊ မီးရှို့ခံရခြင်းနှင့် လေကြောင်းတိုက်ခိုက်ခံရခြင်းများကြောင့်ဖြစ်ခဲ့သည့် အစုအပြုံလိုက်သတ်ဖြတ်ခံရမှုအားလုံးကို ထည့်သွင်းထားပါသည်။